အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား ဂျန္နသ် သုခဘုံသို့အများဆုံးဝင်ရောက်စေသည့်အရာမှာ အဘယ်အရာပါနည်းဟု

လျှောက်ထားမေးမြန်းသည့်အခါ ကိုယ်တော်က (သက္ကဝါ)

အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကိုနာခံပြီး

အပြစ်အကုသိုလ်မှ ရှောင်ကြဉ်ခြင်းနှင့် ကောင်းမြတ်သည့်ကိုယ်ကျင့်တရားဖြစ်သည်ဟု ဖြေကြားတော်မူခဲ့သည်။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား ဂျန္နသ် သုခဘုံသို့
အများဆုံးဝင်ရောက်စေသည့်အရာမှာ အဘယ်အရာပါနည်းဟု လျှောက်ထားမေးမြန်းသည့်အခါ
ကိုယ်တော်က (သက္ကဝါ) အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကိုနာခံပြီး အပြစ်အကုသိုလ်မှ
ရှောင်ကြဉ်ခြင်းနှင့် ကောင်းမြတ်သည့် ကိုယ်ကျင့်တရားဖြစ်သည်ဟု
ဖြေကြားတော်မူခဲ့သည်။ ထို့နောက် ဂျဟန္နမ်ငရဲဘုံသို့
အများဆုံးဝင်ရောက်စေသည့်အရာမှာ အဘယ်အရာပါနည်းဟု လျှောက်ထားမေးမြန်းသည့်အခါ
ကိုယ်တော်က နှုတ်လျှာနှင့် အရှက်အင်္ဂါဖြစ်သည်ဟု ဖြေကြားတော်မူခဲ့သည်။
[حسن صحيح] [رواه الترمذي وابن ماجه وأحمد]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်စေမည့်အကြီးကျယ်ဆုံးအကြောင်းခံနှစ်ခုအား ရှင်းပြတော်မူခဲ့သည်။ ၎င်းတို့မှာအလ္လာဟ်အရှင်မြတ်အပေါ် ‘သက္ကဝါ’ တရားထားခြင်းနှင့် ကောင်းမြတ်သည့်ကိုယ်ကျင့်တရားတို့ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်အပေါ် ‘သက္ကဝါ’တရားထားခြင်းဟူသည်သင်နှင့် အလ္လာဟ်အရှင်မြတ်၏ အဇာဗ်ပြစ်ဒဏ်ကြားတွင် အကာကွယ်ထားခြင်းဖြစ်ပြီး ၎င်းမှာအလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကိုလိုက်နာကာ တားမြစ်ချက်များကိုရှောင်ကြဉ်ခြင်းဖြစ်သည်။ ကောင်းမြတ်သည့် ကိုယ်ကျင့်တရားဟူသည် မျက်နှာချိုသာခြင်း၊ကောင်းမှုပြုခြင်း၊ ဒုက္ခများကို တားဆီးဖယ်ရှားခြင်း စသည်တို့ဖြစ်သည်။ ထို့နောက်ဂျဟန္နမ်ငရဲဘုံသို့ ဝင်ရောက်စေမည့် အကြီးကျယ်ဆုံးအကြောင်းခံနှစ်ခုအားရှင်းပြတော်မူခဲ့သည်။ ၎င်းတို့မှာ နှုတ်လျှာနှင့် အရှက်အင်္ဂါဖြစ်သည်။ နှုတ်လျှာ၏အပြစ်အကုသိုလ်မှာ မုသားပြောခြင်း၊ အတင်းပြောခြင်း၊ ကုန်းချောခြင်း စသည်တို့ဖြစ်ပြီးအရှက်အင်္ဂါ၏ အပြစ်အကုသိုလ်မှာ ဇိနာ တရားမဝင်ကားမ ကျူးလွန်ခြင်း၊ လိင်တူဆက်ဆံခြင်းစသည်တို့ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/5476